# ပဋိပက္ခလောင်စာများ

## စစ်ပွဲများပြန်လည်စတင်စေခဲ့သော ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တအာင်းပြည်သူ လုထုများအပေါ် ခြိမ်းခြောက်လျှက်ရှိနေ




လက်တလော မြန်မာနိုင်ငံအတွင်း ပြန်လည်ပြုပြင်ပြောင်းလဲရန်ရည်ရွယ်ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက်များ နှင့် တွေ့ဆုံဆွေးနွေးနေကြသော်လည်း ၂၀၁၂ခုနှစ်၊ဇန်နဝါရီလအတွင်းမှစတင်၍ တအာင်း(ပလောင်)လူမျိုးများ အများဆုံးနေထိုင်ရာ မြန်မာနိုင်ငံမြောက်ပိုင်းတွင် ပဋိပက္ခများနှင့်စစ်တပ်၏ စိုးမိုးချယ်လှယ်မှုများ တစ်ဆထက်တစ်ဆ ပိုမိုများပြားလာသည်ကိုသာ ကြုံတွေ့နေရသည်။
လွန်ခဲ့သောနှစ်ပေါင်း၂၀ကျော် ကတည်းက စစ်ပွဲများ ငြိမ်သက်ခဲ့သောနယ်မြေတွင် ယခုအခါအပြန်အလှန် ပစ်ခတ်မှုများနှင့် စစ်ပွဲစစ်မက်များ ဖြစ်ပွားလျက်ရှိသည်။ မြန်မာအစိုးရ တပ်မှ စစ်သားများသည် ၄င်းတို့ အခြေစိုက်ရာ နယ်မြေများမှ ကျေးရွာများအတွင်းသို့ ပြောင်းရွှေ့အခြေချတပ်စွဲ ဝင်ရောက်လာခဲ့ကြပြီး အထူးသဖြင့် နယ်မြေခံလူထုများအား သတ်ဖြတ်ခြင်း၊ နှိပ်စက် ခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်းနှင့် ခြိမ်းခြောက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကိုပါ ကျူးလွန်လျက်ရှိသည်။
စစ်တပ်အင်အားတိုးချဲ့မှုသည် တိုင်းရင်းသားနယ်မြေများအတွင်း တရုတ်နိုင်ငံပိုင် ဧရာမစီမံကိန်းလုပ်ငန်းစဉ်များအား လုံခြုံရန်နှင့် ကာကွယ်မှုပေးရန်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှတဆင့် တရုတ်နိုင်ငံသို့ သယ်ဆောင်မည့် ရေနံနှင့်သဘာဝဓါတ်ငွေ့ ပိုက်လိုင်းများသည် ယခုလက်ရှိတွင်တအာင်းနယ်မြေအတွင်း၌ ဆောက်လုပ်သွယ်တန်းလျက်ရှိသည်။ တရုတ်ကုမ္ပဏီများသည် တအာင်း(ပလောင်) တိုင်းရင်းသားများအတွက် အလွန်အရေးပါသော ရွှေလီမြစ်ပေါ်တွင် ရေကာတာကြီးနှစ်ခု တည်ဆောက်လျှက်ရှိပြီး တပြိုင်နက်တည်းတွင် တရုတ်သစ်ကုန်သည်များကလည်း ဒေသအတွင်းရှိအဖိုးတန် ကျွန်းသစ်များကို ခုတ်ထွင်ဖျက်ဆီးကာ တရုတ်ပြည်သို့တင်ပို့ရောင်းချလျက်ရှိသည်။
မြန်မာအစိုးရစစ်တပ်များသည် စစ်ပွဲဖြစ်ပွားလျက်ရှိနေသော ကချင်နှင့်ရှမ်းပြည်နယ်တွင်းရှိ သဘာဝအရင်းအမြစ်များကို ထိန်းချုပ်သုံးစွဲသည့်အပြင် ဒေသခံပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများပါ ဆက်တိုက်ကျူးလွန်လျက်ရှိသည်။ ၂၀၁၁ခုနှစ်၊ဇူလိုင်လတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ ဦးဆောင်မှုဖြင့် တအာင်း(ပလောင်)ပြည်သူလူထုများ၏ အခွင့်အရေးများကာကွယ်ရန်အတွက် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ် မတော်ကို ဖွဲ့စည်းခဲ့သည်။ ယင်းတအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို မြန်မာအစိုးရစစ်တပ်မှ မန်တုံမြို့ရှိ တအာင်းပြည်သူစစ်များအား လက်နက်များ တပ်ဆင်ပေးပြီး တိုက်ခိုက်စေခဲ့သည်။ အကြောင်းရင်းမှာ တအာင်းလူမျိုးအချင်းချင်း ပဋိပက္ခများ ဖြစ်ပေါ်စေကာ အမျိုးသားချင်းအပြန်အလှန် တိုက်ခိုက်စေလိုသောကြောင့်ဖြစ်သည်။ တိုက်ပွဲများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ ဒေသခံများသည်လည်း ၄င်းတို့၏ လုံခြုံရေးအတွက် ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။
၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် တစ်ထောင်ကျော်သည် မန်တုန်နှင့် နမ့်ခမ်းဒေသများ အတွင်းယာယီပြောင်းရွှေ့ခိုလှုံခဲ့ကြရသည်။ တရုတ်နိုင်ငံသို့ထွက်ပြေးလွတ်မြောက်သူများလည်း အများအပြားရှိပြီး အထူးသဖြင့် ပေါ်တာနှင့်တပ်သားသစ် စုဆောင်းရေးကို ထွက်ပြေးတိမ်းရှောင် နေသူအများစုမှာ လူငယ် အမျိုးသားများဖြစ်ကြသည်။ ထိုအချက်သည် တအာင်းလူမျိုးများအတွက် အရေးအကြီးဆုံး စီးပွားရေးလုပ်ငန်းဖြစ်သည့် နှစ်စဉ်လက်ဖက်ခြံထိန်းသိမ်းခြင်းနှင့် လက်ဖက်ခူးဆွတ်သည့် လုပ်ငန်းအား အလွန်ဆိုးဝါးသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။

နောက်ဆုံးစာမျက်နှာမှာ ဆက်ဖတ်ရန်

### ပဋိပက္ခများဖြစ်ပေါ်စေသော ပိုက်လိုင်းများ




### တအာင်း

ပလောင်လူမျိုးဟု လူသိများသည့် တအာင်းတိုင်းရင်းသားလူမျိုးသည် လူဦးရေ တစ်သန်းကျော်ရှိပြီး မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်ရှိ တောင်တန်းဒေသများတွင် နေထိုင်ကြသည်။ တအာင်းလူမျိုးတို့သည် လက်ဖက်ကောင်းများ စိုက်ပျိုးထုတ်လုပ်မှုတွင် လူသိများသည်။




င်မတမံလုံခြုံရေးအစောင့်နှင့် ဝင်းတံခါးတပ်ဆင်ထားရှိမှု အခြေအနေပြပုံ

ရွှေလီရေကာတာ–
၁တွင်လုံခြုံရေးယူနေသည့်ရဲသား

## ရေကာတာ

၂၀၀၈ ခုနှစ်အတွင်း ရွှေလီမြစ်ဖျားတွင် ၆၀၀ မီဂါဝပ်အားရှိသော ရေကာတာ ဆောက်လုပ် ပြီးချိန် နောက်ပိုင်းတွင် တရုတ်ကုမ္ပဏီများနှင့် ဆွစ်ကုမ္ပဏီ (Swiss hydro giant Colenco) တို့သည် ရွှေလီမြစ်အောက်ပိုင်းတွင် ရေကာတာကြီးနှစ်ခု ထပ်တည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ အတွင်း ရွှေလီရေကာတာအမှတ်–၂အနီး ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် တရုတ်နိုင်ငံသား အလုပ်သမားများ ထွက်ခွာသွားခဲ့ရသော်လည်း မြန်မာနိုင်ငံသားပိုင် အေးရှားလ်ဝေါ (Asia World Company) သည် လက်ရှိချိန်ထိ တရုတ်အလုပ်သမားစခန်းတခုကို ရေကာတာအမှတ်–၃ တွင် ဆက်လက်တည်ဆောက် လျက်ရှိသည်။

မြန်မာစစ်အစိုးရတပ်များသည် ရေကာတာအနီးတဝိုက်တွင် စစ်အင်အားတိုးမြှင့်လျှက်ရှိသည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများ အလွန်အမင်း ကျူးလွန်နေကြသည်။

အစိုးရစစ်သားများသည် ရွှေလီရေကာတာ အမှတ်–၁ အနီးရှိ ၄င်းတို့၏စစ်ဆေးရေးဂိတ်နှစ်ခုမှနေ၍ ဒေ သခံများ လယ်ယာစိုက်ခင်းသို့ သွားလာခြင်းကို အနှောင့်အယှက်ပေးခြင်းများနှင့် စစ်ဆေးမေးမြန်းမှုများကို ပြုလုပ်လျက်ရှိသည်။ ရေကာတာအမှတ်–၁ ကို စောင့်ကြပ်နေသည့် ခြေမြန်တပ်ရင်း– ၁၄၄ မှ တပ်သားများသည် ယခုအခါတွင် ရေကာတာအမှတ်–၂ တည်ဆောက်ရာ နယ်မြေကိုလည်း ပုံမှန်စောင့်ကြပ် ထိန်းချုပ်လျက်ရှိသည်။ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလတွင် တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် မှ အစိုးရ ခြေမြန်တပ်ရင်း–၁၃၀ အား ရွှေလီရေကာတာအမှတ် ၃ အနီးတွင် ခြုံခိုတိုက်ခိုက်ခဲ့ရာ အစိုးရတပ်မှ တပ်သား ၅ဦး ကျဆုံးခဲ့သည်။ မတ်လအတွင်းတွင်လည်း တအာင်း အမျိုးသားရေးလွတ်မြောက်ရေးတပ်မတော် မှ ကချင်၊ ရှမ်းလက်နက်ကိုင်တပ်များနှင့် ပူးပေါင်းကာ အစိုးရ ခြေမြန်တပ်ရင်း–၁၃၀ အားတိုက်ခိုက်ရာ ၃ဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရခဲ့သည်။ ၂၀၁၂ခုနှစ်၊မတ်လ ၁၃ ရက်နေ့တွင် ရေကာတာ အမှတ်– ၃ အနီးတွင် ငါးဖမ်းသွားရာမှ ပြန်လာသော တအာင်းဒေသခံ ၂ ဦးအား ခြေမြန်တပ်ရင်း ၁၃၀ တပ်သားများမှ တိုင်းရင်း သားလက်နက်ကိုင်တပ်များ အားအကူအညီပေးနေသည်ဆိုသော သံသယဖြင့် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ဒုတပ်ရင်းမှူးမှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ တပ်ရင်းမှူးမှ အသတ်ခံရသူ မိသားစုများနှင့် အခြားဒေသခံများအား ယင်းအသတ်ခံရသည့် အမှုအားလက်သည်မပေါ်ရန်နှင့် မပေါက်ကြားစေရန် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။

## ပဋိပက္ခများ ပြန်လည်ကြီးထွားလာခြင်း

၂၀၁၁ ခုနှစ် မတ်လတွင် ရှမ်းပြည်မြောက်ပိုင်းတပ်မတော်နှင့် အစိုးရတပ်များအကြား နှစ်ပေါင်း ၂၂ နှစ်အကြာ ထိန်းသိမ်းခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်စီးခဲ့ပြီး နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ဩဂုတ်လတွင် ဒေသခံလူဦးရေ ၃ သောင်းကျော်မှာ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များ ဖြစ် ခဲ့ရသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် သစ်အတွက် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း နှစ်ဖက်အကြား အပြန်အလှန် ပစ်ခတ်မှုများမှာလည်း ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။

၂၀၁၁ခုနှစ်၊ဇွန်လတွင် ကချင်ပြည်ရှိ တရုတ်နိုင်ငံမှ ဆောက်လုပ်နေသော ရေကာတာတခုအနီးတွင် ကချင်ပြည်နယ်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် မြန်မာအစိုးရတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၁၇နှစ်အကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပျက်ပြယ်ခဲ့ရသည်။ မြန်မာအစိုးရမှ စစ်တပ်အင် အားများ ပိုမိုတိုးမြှင့်အခြေချလာပြီး တိုက်ပွဲများမှာလည်း ယနေ့တိုင်ဖြစ်ပွားလျက်ရှိသည်။ ထိုပစ်ခတ် တိုက်ခိုက်မှုများကြောင့် လက်ရှိတွင် ပြည်သူလူထု ၇သောင်း ၅ထောင်ကျော်မှာ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များဖြစ်ခဲ့ရသည်။

၂၀၁၁ခုနှစ်၊ ဇူလိုင်လတွင် ဖွဲ့စည်းလိုက်သော တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် သည် တအာင်း လူမျိုးများအပေါ် ပိုမိုများပြားလာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်စောင့် ရှောက်နိုင်ရန်အတွက် ဖွဲ့စည်းခဲ့ကြသည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်မတော်မှ ၁၉၉၁ ခုနှစ်အတွင်း အပစ်ခတ်ရပ်စဲရေးနှင့် ၂၀၀၅ ခုနှစ်တွင် လက်နက်အပ်ပြီး နောက်ပိုင်း ပထမဆုံးဖွဲ့စည်းလိုက်သည့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်ဖြစ်သည်။




"အင်အား ၂၀၀ ကျော်လောက်ရှိတဲ့ မြန်မာစစ်သားတွေကဈေးအတွင်းလှည့်ပတ်သွားလာနေကြတာတဈေးလုံးကို စိမ်းနေတာပဲ၊ စစ်သားတွေက ဈေးလာတဲ့လူတွေ ထက်တောင်များနေတယ်"
—(မိုင်းမော်ဈေးသည် အမျိုးသမီးတစ်ဦး)

## သစ်ထုတ်လုပ်ရေး

တရုတ်နိုင်ငံမှ သစ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များသည်လ
များ ဆက်လက်လုပ်ပိုင်ခွင့်ရရှိရေးအတွက် မြန်မာအစိုး
များ ပြုလုပ်လျက်ရှိသည်။ အစဦးပိုင်းတွင် နယ်မြေအ
အဓိကဦးတည် ထားခဲ့သော်လည်း ယခုအခါတွင်မူ အခြာ
အားလုံးပါမကျန် ခုတ်လှဲခြင်းများကြောင့် သစ်တေ
ဖြစ်ပေါ်လျက်ရှိသည်။

မူးယစ်ကုန်သည်များမှလည်း မူးယစ်ဆေးဝါးများကို သ
လျက်ရှိပြီး ဒေသခံများအပါအဝင် မူးယစ်ဆေးစွဲမှုများ
လုပ်ရေး စခန်းများ၌ လိင်ဖျော်ဖြေရေး လုပ်ငန်းများနှ
ပိုမိုများပြားလာလျှက်ရှိသည်။ သစ်ကုန်တင်ကားများမှ
ဆက်သွယ်ရေး လမ်းကြောင်းများကိုပျက်စီးစေပြီး ထို
ရွာသားများမှ လုပ်အားခမရှိဘဲ အခမဲ့လုပ်အားပေး ပြ
မတ်လအတွင်းတွင်ပင် တအာင်းအမျိုးသာ
တော်မှ တရုတ်သစ်ကုန်တင်ကား ၁၀ စီးကို ရေက
တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်မှ ခေါ
ငါတို့ဒေသခံတွေက ဘာအကျိုးအမြတ်မှမရှိပဲ ဆိုးကျိုး
တရုတ်စီးပွားရေးသမားတွေကို သတိပေးချင်တဲ့အတွက်




"စစ်သားတွေကို ရွာနားမှာ အမြဲတမ်းလို လိုတွေ့တယ်၊ ကျမသမီး တောင်ယာ သွားတဲ့ အခါဆို သူ့အတွက် အရမ်းကို စိုးရိမ်းတယ် ဘာဖြစ်လည်းဆိုတော့ စစ်သား တွေရှိတဲ့ နေရာကို ဖြတ်နေရလို့လေ၊ မသွားရင် လည်း စားစရာက ဘာမှမရှိဘူး"
(ဒေသခံ အမျိုးသမီး)

...ည်း တအာင်းနယ်မြေအတွင်း တရားမဝင်သစ်ထုတ်လုပ်မှု ...ရတပ် နှင့် အစိုးရဌာနများအား လာဘ်ပေးလာဘ်ယူမှု ...အတွင်းရှိ ကျွန်းတော်များကိုသာ ...းသစ်မာ များနှင့် သစ်ပင်ငယ်များ ...ာပြုန်းတီးမှုများကို ဆိုးဝါးစွာ




...်ကုန်သည်များရှိရာသို့ ရောင်းချ ...ဖြစ်ပွားလျက်ရှိသည်။ သစ်ထုတ် ...် လောင်းကစားမှုများမှာလည်း ...လည်း ဒေသအတွင်း ပို့ဆောင် ...ျက်စီးသွားသည့် လမ်းများအား ...်ဆင်ပေးရသည်။ ...းလွှတ်မြောက်ရေးတပ်မ ...ာတာ အမှတ်၃ အနီးတွင် မီးရှို့ဖျက်ဆီးခဲ့သည်။ ...င်းဆောင်တဦးက "တရားမဝင် သစ်ထုတ်လုပ်မှုကြောင့် ...တွ့ဘဲရတယ်။ အဲဒါကြောင့် ကျနော်တို့နယ်မြေထဲမှာရှိတဲ့ ... အခုလိုလုပ်ရခြင်း ဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

## ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်း




တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင်းမှ ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူရန်အတွက် ရခိုင်ပြည်နယ်မှ မြန်မာနိုင်ငံ အလယ်ဗဟို တစ်လျှောက်အပါအဝင် တအာင်းဒေသ ကိုပါဖြတ်၍ ပိုက်လိုင်းများတည်ဆောက် လျက်ရှိသည်။ နမ္မတူ၊ နမ့်ခမ်း၊ ကျောက်မဲ၊ မန်တုံ၊ နောင်ချိုနှင့် လားရှိုးစသည့် ဒေသ များတွင် အခြေစိုက်သော မြန်မာစစ်တပ် များသည် ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက် လိုင်းတည်ဆောက်မှုတွင် တရုတ်အလုပ်သမားများ၏ လုံခြုံရေးအတွက် အကာအကွယ် ပေးနေသော်လည်း ဒေသခံရွာသူရွာသားများကိုမူ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန် နေလျက်ရှိသည်။ တချိန်တည်းမှာပင် ဆောက်လုပ်ရေးနေရာတလျောက်ရှိ ဒေသခံလယ်မြေကေ ထောင်ပေါင်း များစွာကိုလည်း အတင်းအဓမ္မ သိမ်းယူခဲ့သည်။

- **တရုတ်ကုမ္ပဏီအတွက် လုံခြုံရေးလုပ်သားအဖြစ် အလုပ်လုပ်နေသော မြန်မာစစ်သားများ**

တရုတ်ကုမ္ပဏီများသည် နမ္မတူနှင့် နမ့်ခမ်းကြား စီမံကိန်းဖော်ဆောင်ရန်တွင် ကျောက်မဲနှင့် နမ္မတူ တပ်ရင်းမှ မြန်မာစစ်သားများကို တနေ့လျှင် ၅ ထောင်ကျပ်နှုန်းပေး၍ ၄င်းတို့၏ ဆောက်လုပ်ရေးခွင်အတွင်း လုံခြုံမှုရရှိရေးအတွက် ဌာရမ်းထားလျက်ရှိသည်။ ရာထူးမြင့်သော စစ်အာဏာပိုင်များကိုမူ တနေ့လျှင် အနည်းဆုံး ကျပ်တစ်သောင်းပေးရသည်ဟုလည်း ဒေသခံများမှ ပြောဆိုနေကြသည်။



တအာင်းဒေသတွင်း
မြန်မာစစ်ကြောင်းများ လှုပ်ရှားနေပုံ

- **ပိုက်လိုင်းတစ်လျှောက် လုံခြုံရေးယူထားသော စစ်သားများ ခရီးသွားပြည်သူများထံ ငွေညစ် တောင်းနေ**

၂၀၁၂ခုနှစ်၊ဧပြီလအတွင်းတွင် နမ္မတူမှ မိုင်းမော်အထိ ပိုက်လိုင်း ဆောက်လုပ်ရေးခွင်တွင် လုံခြုံရေးယူထားသော လားရှိုးခြေ မြန်တပ်ရင်း အမှတ်၆၈မှ မြန်မာစစ်သားများသည် ဒေသခံ ကျေး ရွာသူရွာသားများနှင့် ကုန်သည်များဆီမှ ဒေသတွင်းလမ်းအ သုံးပြုခ အဖြစ် ငွေကြေးတောင်းခံခြင်းနှင့် ခြိမ်းခြောက်မှုများကို စတင် ပြုလုပ်ခဲ့ သည်။
"ရွာအဝင်ကို ကျနော်တို့ရောက်တော့ အဲဒီမှာဂတ်စ်ပိုက်လိုင်း လုံခြုံရေးတာဝန်ရှိတဲ့ မြန်မာစစ်သားတွေက အရက်ဖိုးဆိုပြီး ပိုက်ဆံ တောင်းတယ်၊ ဒါတောင်သူတို့က မူးနေပြီ၊ သူတို့ကပြောသေး တယ်၊ တကယ်လို့ကျနော် တို့ပိုက်ဆံမပေးရင် ဒီနေရာကို ဖြတ်ခွင့်မပေး ဘူးဆိုပြီး ပြောတယ်လေ" ဟု ဒေသခံ လက်ဖက်ကုန် သည်တဦးမှ ရှင်းပြပြောဆိုခဲ့ခြင်းဖြစ်သည်။

- **ပိုက်လိုင်းလုံခြုံရေး စစ်သားများ၏ ရန်ပြုနှောင့်ယှက်မှုများကို ရှောင်ရှားရန် ပိုမိုဝေးလံ သောလမ်းကိုသာ သွားနေရ**

ဒေသအတွင်းရှိ လမ်းများပေါ်တွင် စစ်ဆေးရေးဂိတ်များ ပိုမိုများလာခြင်းနှင့် အစစ်အဆေး မေးခွန်းများ ခြင်းကြောင့် နမ့်ခမ်းနှင့် နမ္မတူမြို့နယ်မှ ဒေသခံပြည်သူများသည် ၄င်းတို့သွားလိုသည့်နေရာသို့ ပြဿနာမရှိ အဆင်ပြေချောမွေ့သွားရောက်နိုင်ရန်အတွက် ပိုဝေးသောလမ်းကို အသုံးပြု၍ ခရီးသွားနေရသည်။ မိုင်းမော်ကျေးလက် ဈေးတွင်လည်း အစောင့်စစ်သားများဖြင့် ပြည့်နှက်နေပြီး ဒေသခံဈေးသည်များကို ခြိမ်းခြောက်လျက်ရှိသည်။

- **ပိုက်လိုင်းစီမံကိန်းအတွက် နမ့်မတူမြို့နယ်အတွင်း အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှု**

၂၀၁၂ခုနှစ်၊ဖေဖော်ဝါရီလအတွင်းတွင် နမ္မတူမြို့၊ရက်ကွက်(၈) မှမြို့ခံများသည် ရက်ကွက်ဥက္ကဋ္ဌ ဦးမြမောင်၏ အဓမ္မခိုင်းစေမှုကြောင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးအတွက် လိုအပ်သည့် ပစ္စည်း ကရိယာ များ သယ်ပေးရသည့် အပြင် ပိုက်လိုင်းမြောင်းအတွက်ပါ တူးပေးခဲ့ရသည်။ ထိုသို့လုပ်ဆောင်ရန်အမိန့်ကို ကြံ့ ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးချစ်လွင်က အမိန့် ပေး စေခိုင်းခဲ့ခြင်း ဖြစ်သည်။ နမ္မတူရဲများနှင့်ခြေမြန်တပ်ရင်း (၃၂၄ )သည် ဆောက်လုပ်ရေးလုပ်ငန်းခွင် လုံခြုံရေးအတွက် တာဝန်ယူပေးသူများဖြစ်သည်။

## ပဋိပက္ခများနှင့် အခွင့်အရေးချိုးဖောက်မှုများမှ ဒေသခံများ ထွက်ပြေးတိမ်းရှောင် ရခြင်း



Photo by TSYO

နမ့်ခမ်းရောက် စစ်ပြေးဒုက္ခသည်များ

လတ်တလော ဖြစ်ပေါ်နေသော တိုက်ပွဲများနှင့် စစ်တပ်ကြီးစိုးမှုများ၊ စစ်အင်အားတိုးမြှင့်လာမှုများကြောင့် ဒေသခံရွာသူ၊ ရွာသားများသည် ၎င်းတို့၏ လုံခြုံရေးအတွက် အနီးအနားရှိမြို့ ရွာများသို့ ထွက်ပြေးတိမ်းရှောင် နေကြရသည်။

၂၀၁၁ ခုနှစ်၊ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်စပ်ကြား နေထိုင်သူ လူဦးရေ ၅၀၀ ခန့် နမ့်ခမ်းသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ၎င်းတို့သည်နမ့်ခမ်းမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်း များနှင့် အချို့မှာ နီးစပ်ရာ ဆွေမျိုးများအိမ်၌ ခိုလုံနေထိုင်ခဲ့ကြရသည်။ ဒုက္ခသည်များအား ဒေသခံအလှူရှင်များ နှင့် ဘုန်းတော်ကြီး များမှအစွမ်းကုန် ကူညီကြသော်လည်း ချမ်းအေးလှသည့် ဆောင်းရာသီဖြစ်သောကြောင့် အခြေအနေများမှာ အလွန်ခက်ခဲလှသည်။ ထိုအချိန်မှစ၍ ဒုက္ခသည်အများစုမှာ တရုတ်နိုင်ငံသို့အလုပ်အကိုင် ရှာဖွေရန်အတွက် ထွက်ခွာသွားကြပြီး အချို့မှာမိမိတို့၏ မူလနေထိုင်ရာ ဇာတိကျေးရွာများသို့ ပြန်လည်ရောက် ရှိလာခဲ့သည်။ ၂၀၁၂ခုနှစ် ဇန်နဝါရီလတွင် မန်တုန်၊ နမ့်ခမ်းနှင့် ကချင်နယ်စပ်တွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် လူဦးရေ ၂၀၀ ခန့် တုန်ဟုမ်းကျေးရွာဘက်သို့ ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ၂၀၁၂ခုနှစ် မတ်လကုန်တွင်လည်း လူဦးရေ ၄၀၀ ခန့် မန်တုန်မြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ တချို့ဒေသခံများသည် ကြီးမားလှသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြည်တွင်းစစ်များကို ရှောင်တိမ်းနိုင်ရန်အတွက် တရုတ်နိုင်ငံအတွင်းသို့ရွှေ့ပြောင်းအလုပ်သမားများ အဖြစ်တိမ်းရှောင်ခဲ့ကြသည်။



ဈေးကွက်အတွက် ရွက်စိမ်း လက်ဖက် ပြင်ဆင်နေပုံ

photo blog.travelpod.com

## လက်ဖက်ခူးလုပ်သားများကျပ်တည်းလာခြင်း

မရေတွက်နိုင်သော ဒေသခံလူငယ်များသည် ၎င်းတို့နေအိမ်များကို စွန့်ခွာ၍ တရုတ်ပြည်သို့ပြောင်းရွှေ့ လုပ်ကိုင်ခြင်းများ နှင့် ဧပြီလ ရွှေဖီဦးလက်ဖက်ခူးချိန်တွင် ပုံမှန် လာရောက်တတ်ကြသော မြန်မာနိုင်ငံအလယ်ပိုင်းမှ ပြည်တွင်းရွှေ့ပြောင်းအလုပ် သမားများမှာလည်း တိုက်ပွဲပဋိပက္ခများကြောင့် မလာရောက်ကြသဖြင့် အဖိုးတန်လက်ဖက်များမှာ ခူးဆွတ်သူမဲ့ကာ အချိန်လွန်မှုများကြုံတွေ့ရင် ဆိုင်နေကြရသည်။ စစ်တပ်နှင့်ဆက်စပ်နေသော စီးပွားရေးသမားများ၏ နှစ်ပေါင်းများစွာ ဈေးကွက်ချုပ်ကိုင်မှုများနှင့် ဈေးနှုန်းထိန်းချုပ်မှုများသည် ဒေသထုတ်ကုန် ဈေးနှုန်းများ မတရားကျဆင်းမှုကို ဖြစ်ပေါ်စေပြီး ထောင်ပေါင်း များစွာသော မိသားစုများအား ရိုက်ခတ်ကာ တအာင်းရိုးရာလက်ဖက်လုပ်ငန်းကို ပပျောက်စေသည့် အချက်တချက် လည်းဖြစ်သည်။ ဥပမာအားဖြင့် ၂၀၁၂ခုနှစ်၏ လက်ဖက်စခူးချိန်တွင် နမ့်ဆန်မြို့ရှိ လက်ဖက်ခြောက်ဈေးနှုန်းသည် တပိသာ၅၀၀၀ ကျပ်မှ ၂၅၀၀ကျပ် အထိ ပင်ထိုးကျသွားခဲ့သည်။

## တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး (TSYO) ၏ တောင်းဆိုချက်များ

မြန်မာနိုင်ငံတွင်း စီးပွားရေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားနေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ သိန်းစိန်အစိုးရ အာဏာရလာသည့် အချိန်မှစ၍ မြန်မာနိုင်ငံတိုင်းရင်းသား ဒေသများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုတိုးပွားလာသည်ကို အသိအမှတ်ပြုရမည်။

မိမိတို့တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံးမှ –

– တအာင်းနယ်မြေဒေသတွင်းရှိ ကြီးမားလှသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအားလုံးကို ရပ်ဆိုင်းပေးရန်၊ အစိုးရစစ်တပ်များကို ရုပ်သိမ်းပေးရန်နှင့် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော ပဋိပကက္ခများအတွက် တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲပြီး အဓိပ္ပါယ်ရှိသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများပေါ်ပေါက်လာစေရန်။

–ရင်းနှီးမြှုပ်နှံမှုများအားလုံး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများ အပါအဝင် လွတ်လပ်မှု၊ ဦးစားပေးမှုများနှင့် ဒေသခံ များ၏ ခွင့်ပြုချက်ရယူခြင်းစသည့် အချက်များကို လိုက်နာရန်။

– ပဋိပကက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်နေသည့် တအာင်းနယ်မြေအတွင်းရှိ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များအတွက် အရေးပေါ် လူသားချင်းစာနာသည့် အကူအညီများပေးရန်။



photo by TSYO

### ပထမစာမျက်နှာအဆက်

ရှမ်းပြည်မြောက်ပိုင်းနှင့် အထူးသဖြင့် ကျေးလက်ဒေသနေထိုင်သူများသည် မြန်မာပြည်မအတွင်း ပြောဆိုနေကြသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောက်တွင်ပင် အကျိုးခံစားခွင့်များမရရှိပဲ အခွင့်အရေးဆုံးရှုံးလျက်ရှိသည်။ ဖွံ့ဖြိုးရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည်လည်း ပဋိပကက္ခများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုသာ ပိုမိုဖြစ်ပေါ်စေသည့်အပြင် ဒေသခံအတွက်လည်း အကျိုးခံစားခွင့်များ လုံးဝမရရှိကြပေ။

၂၀၁၂ခုနှစ် မေလ တွင် ထုတ်ဝေသည်
မကြာမီ ဂစ်ပိုက်လိုင်း အစီရင်ခံစာ ထုတ်ဝေရန်ရှိသည်
တအာင်းကျောင်းသားနှင့်လူငယ်များအစည်းရုံး
**www.palaungland.org**